INSTITUT FRANÇAIS
ပြင်သစ်ယဉ်ကျေးမှုဌာန
Birmanie

# ပြင်သစ်စာ သင်ယူကြရအောင်




Photo by Éternité

ပြင်သစ်ယဉ်ကျေးမှုဌာန၌ သင်ယူလေ့လာနိုင်သည့် ပြင်သစ်စာသင်တန်းများ

# ပြင်သစ်စာ မည်သည့်အတွက် လေ့လာကြပါသလဲ။

## လူသန်းပေါင်း (၂၇၀)

ကမ္ဘာ့တိုက်ကြီး (၅) တိုက်ရှိ နိုင်ငံပေါင်း (၆၀) ကျော်တွင် လူသန်းပေါင်း (၂၇၀) ကျော်သည် ပြင်သစ်ဘာသာစကား ပြောဆိုသုံးစွဲနေကြပါသည်။

ဥရောပတိုက်၏ အဓိကဘာသာစကားတစ်ခုဖြစ်သည့် ပြင်သစ်ဘာသာစကား တတ်မြောက်ခြင်းဖြင့် ကမ္ဘာကြီးနှင့် ပိုမိုထိတွေ့နိုင်ခွင့်

ပြင်သစ်နိုင်ငံတွင် အဆင့်မြင့်ပညာများ သွားရောက်သင်ယူနိုင်ရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ အတွက် အဓိကသော့ချက်

နိုင်ငံတွင်း အလုပ်အကိုင်နှင့် ခရီးသွားဈေးကွက်တွင် အကျိုးကျေးဇူးများ ရနိုင်ခြင်း
မြန်မာနိုင်ငံသို့ ပြင်သစ်ခရီးသွားဧည့်သည်များ လာရောက်မှုသည် တိုးမြင့်လျက်ရှိပြီး ၂၀၁၇ ခုနှစ် အကုန်တွင် ၈၆၀၀၀ ကျော်ခဲ့ပါသည်။

ကုလသမဂ္ဂနှင့်ဥရောပသမဂ္ဂအစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းကြီးများတွင် အလုပ်လုပ်ကိုင်နိုင်မည့် အခွင့်အရေး

# တရားဝင်အသိအမှတ်ပြု ဒီပလိုမာများ

## DELF-DALF ပြင်သစ်ဒီပလိုမာများ

ပြင်သစ်ပညာရေးဝန်ကြီးဌာနက ပေးအပ်ချီးမြှင့်သည့် ပြင်သစ်ဘာသာကျွမ်းကျင်မှု အရည်အချင်းစစ်ဒီပလိုမာများ ရရှိနိုင်သော DELF-DALF စာမေးပွဲများကို နှစ်စဉ် မေလနှင့် နိုဝင်ဘာလတို့၏ နောက်ဆုံးရက်သတ္တပတ်တို့တွင် ကျင်းပပေးလျက် ရှိပါသည်။ ပုံမှန်စာမေးပွဲများအပြင် ကလေးများနှင့် ဆယ်ကျော်သက်များပါ ဖြေဆိုနိုင်သော စာမေးပွဲများလည်း ရှိပါသည်။

IELTS ကဲ့သို့ ပြင်သစ်ဘာသာဆိုင်ရာ အရည်အချင်းစစ် စာမေးပွဲ

အချိန်ကန့်သတ်ချက် မရှိဘဲ နိုင်ငံတကာတွင် အသိအမှတ်ပြုသည့် လက်မှတ်

ပြင်သစ်ယဉ်ကျေးမှုဌာနသည် မြန်မာနိုင်ငံတွင် DELF-DALF စာမေးပွဲများဖြေဆိုနိုင်သည့် တစ်ခုတည်းသော စာစစ်ဌာန ဖြစ်ပါသည်။

## TCF ပြင်သစ်ဘာသာ ဗဟုသုတ အရည်အချင်းစစ်စာမေးပွဲ

အလုပ်အကိုင်၊ ပညာရေးနှင့် ကိုယ်ရေးကိုယ်တာ အကြောင်းများကြောင့် ပြင်သစ်ဘာသာစကား ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရယူလိုသူများအတွက် စာမေးပွဲ ဖြစ်ပါသည်။ အောင်လက်မှတ်၏ သက်တမ်းသည် (၂)နှစ် ဖြစ်ပါသည်။

## မိတ်ဆွေ သိပါသလား။

DELF B1 အဆင့်ကစ၍ ပြင်သစ်နိုင်ငံတွင် ပညာသင်ကြားခွင့်နှင့် အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ရရှိနိုင်ပါသည်။



# ပြင်သစ်ယဉ်ကျေးမှုဌာနကို ဘာကြောင့် ရွေးချယ်သင့်သလဲ။



အရည်အချင်းပြည့် ပြင်သစ်နှင့် မြန်မာဆရာဆရာမများက ခေတ်မီသင်ကြားရေးနည်းစနစ်များ၊ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားပေးခြင်း ...

အတန်းလိုက်သင်တန်းများသာမက တစ်ဦးချင်းပါ အဆင့်အမျိုးမျိုးအတွက် သင်ကြားပေးနိုင်ခြင်း ...

ဘာသာစကားသင်ယူမှုအပြင် ယဉ်ကျေးမှုပွဲအစီအစဉ်များမှတစ်ဆင့် ပြင်သစ်ယဉ်ကျေးမှုကို ထိတွေ့ခံစားနိုင်ခြင်း ...

ကျင်းပလေ့ရှိသည့် နိုင်ငံတကာ ယဉ်ကျေးမှုဆိုင်ရာပွဲများ၌ ပြင်သစ်ယဉ်ကျေးမှုဌာနအဖွဲ့သားများနှင့်အတူ ပါဝင်လှုပ်ရှားခြင်းဖြင့် အတွေ့အကြုံကောင်းများ ရနိုင်ခြင်း ...

စီဒီ၊ ဒီဗီဒီ၊ မဂ္ဂဇင်းနှင့် စာအုပ်ပေါင်းများစွာရှိသည့် ပြင်သစ်စာကြည့်တိုက်ကို အသုံးပြုနိုင်ခြင်း ...

Photo by Éternité

# ပြင်သစ်စာပုံမှန်သင်တန်းများ

| စာမေးပွဲများ | ဥရောပကောင်စီ အဆင့်သတ်မှတ်ချက်များ | သင်တန်း အဆင့်များ | ကြာမြင့်ကာလ | ဘာသာစကား ကျွမ်းကျင်မှုအဆင့် |
|---|---|---|---|---|
| DELF | **A1**<br>**BEGINNERS** | အခြေခံအဆင့်<br>A 1.1, A 1.2,<br>A 1.3 | ၁၆၅ နာရီ၊<br>စုစုပေါင်း ၉ လ<br>၅၅ နာရီကြာ အပိုင်း ၃ ပိုင်း<br>တစ်ပတ်လျှင် (၅) နာရီ | နေ့စဉ်သုံး ရိုးရှင်းသော စကားလုံးများကို ကောင်းစွာ နားလည်ကာ မိမိကိုယ်ကိုယ် မိတ်ဆက်နိုင်ပြီး အိမ်၊ မိသားစုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံမေးခွန်းများကို မေးခြင်း၊ ဖြေခြင်းများ ပြုနိုင်ပါသည်။ |
| | **A2**<br>**PRE-INTERMEDIATE** | အခြေခံလွန်အဆင့်<br>A 2.1, A 2.2,<br>A 2.3 | ၁၆၅ နာရီ၊<br>စုစုပေါင်း ၉ လ<br>၅၅ နာရီကြာ အပိုင်း ၃ ပိုင်း<br>တစ်ပတ်လျှင် (၅) နာရီ | မိမိပတ်ဝန်းကျင်တွင် မကြာခဏ ပြောဆိုသုံးစွဲနေသည့် စကားအသုံးအနှုန်းများကို နားလည်နိုင်ပါသည်။ ရင်းနှီးကျွမ်းဝင်မှုရှိသော ကိစ္စများ၊ နေ့စဉ်လူမှုဘဝဆိုင်ရာ အကြောင်းအရာများကို ဖော်ပြပြောဆိုနိုင်ပြီး စကားစမြည်ပြောဆိုခြင်း စတင်ပြုလုပ်နိုင်ပြီ ဖြစ်ပါသည်။ |
| | **B1**<br>**INTERMEDIATE** | အလယ်အဆင့်<br>B 1.1, B 1.2,<br>B 1.3, B 1.4,<br>B 1.5 | ၂၇၅ နာရီ၊<br>စုစုပေါင်း ၁၅ လခွဲ<br>၅၅ နာရီကြာ အပိုင်း ၅ ပိုင်း<br>တစ်ပတ်လျှင် (၅) နာရီ | နေ့စဉ်လူမှုဘဝအကြောင်းအရာများကိုလည်းကောင်း၊ ခရီးသွားရာတွင်လည်းကောင်း ဆိုလိုရင်းရောက်အောင် ရှင်းလင်းစွာ ပြောဆိုနိုင်ပါသည်။ ဇာတ်ကြောင်း ပြန်ပြောဆိုခြင်း၊ မိမိ၏ ရည်မှန်းချက်၊ ဆန္ဒ၊ အတွေးအခေါ်များကို ဖော်ထုတ်ပြောဆိုခြင်း၊ မိမိ ရှင်းလင်းလိုသည့် အရာများအကြောင်း ပြောဆိုခြင်းများကို ကောင်းစွာ ပြုလုပ်နိုင်ပါသည်။ |
| | **B2**<br>**UPPER INTERMEDIATE** | အဆင့်မြင့်အဆင့်<br>B 2.1, B 2.2,<br>B 2.3, B 2.4,<br>B 2.5, B 2.6 | ၃၃၀ နာရီ၊<br>စုစုပေါင်း ၁၈ လခွဲ<br>၅၅ နာရီကြာ အပိုင်း ၆ ပိုင်း<br>တစ်ပတ်လျှင် (၅) နာရီ | သက်ဆိုင်ရာ အထူးပြုနယ်ပယ်တို့ရှိ နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများအပါအဝင် ရှုပ်ထွေးနက်နဲသည့် အကြောင်းအရာများကို နားလည်နိုင်ပါသည်။ ပြင်သစ်လူမျိုးများနှင့် တွေ့ဝေမှုမရှိဘဲ သွက်လက်စွာ ပြောဆိုနိုင်ပါသည်။ ရှင်းလင်းတိကျသည့် အသေးစိတ် အကြောင်းအရာများကို ရေးသားပြောဆိုနိုင်စွမ်း ရှိပါသည်။ |
| DALF | **C1**<br>**ADVANCED** | ကျွမ်းကျင်အဆင့်<br>C 1.1, C 1.2,<br>C 1.3 | ၁၆၅ နာရီ၊<br>၅၅ နာရီကြာ အပိုင်း ၃ ပိုင်း<br>အချိန်ညှိနှိုင်းသင်ကြားပေးပါသည်။ | ရှုပ်ထွေးနက်နဲကျယ်ပြန့်လှသည့် အကြောင်းအရာပုံစံမျိုးစုံကို နားလည်နိုင်ပါသည်။ လူမှုရေး၊ အလုပ်အကိုင်နှင့် ပညာရေးကဏ္ဍများနှင့်ဆက်စပ်ပြီး သွက်လက်စွာ ပြောဆိုနိုင်ပါသည်။ ရှုပ်ထွေးသော အကြောင်းအရာများကို ရှင်းလင်းပြတ်သား၍ စနစ်ကျမှန်ကန်သော ဝါကျတည်ဆောက်ပုံဖြင့် ကောင်းစွာ နားလည်ပြောဆိုနိုင်ပါသည်။ |
| | **C2**<br>**PROFICIENT** | ကျွမ်းကျင်ပညာရှင်အဆင့်<br>C 2.1, C 2.2,<br>C 2.3 | ၁၆၅ နာရီ၊<br>၅၅ နာရီကြာ အပိုင်း ၃ ပိုင်း<br>အချိန်ညှိနှိုင်းသင်ကြားပေးပါသည်။ | ဖတ်သမျှ၊ ကြားသမျှကို အားစိုက်ထုတ်စရာမလိုဘဲ နားလည်နိုင်ပါသည်။ အရေး၊ အပြောဆိုင်ရာ အကြောင်းအရာများကို အကျိုးသင့်အကြောင်းသင့် အကျဉ်းချုပ် ရေးသားပြောဆိုနိုင်ခြင်း၊ အဓိပ္ပါယ် ထင်းထင်းရှင်းရှင်းနှင့် တိကျမြန်ဆန်မှန်ကန်စွာ ဆက်သွယ်ပြောဆိုနိုင်ခြင်းတို့ကို ပြင်သစ်လူမျိုးတစ်ဦးကဲ့သို့ပင် ပြုလုပ်နိုင်ပါသည်။ |

# ကလေးငယ်များနှင့် ဆယ်ကျော်သက်များအတွက်



## ကလေးငယ်များ ငယ်ရွယ်စဉ် ဘာသာစကား သင်ယူလျှင် လျင်လျင်မြန်မြန် တတ်မြောက်နိုင်ပါသည်။

အသက် ၈ နှစ်မှ ၁၁ နှစ် အရွယ် ကလေးများ၊ ၁၂ နှစ်မှ ၁၅ နှစ် အရွယ် ဆယ်ကျော်သက်များအတွက် ဆက်သွယ်ပြောဆိုခြင်း စွမ်းရည်များ တိုးတက်စေနိုင်မည်ဖြစ်ပြီး ဘာသာစကား သင်ကြားမှုနှင့် ပျော်ရွှင်ဖွယ် လှုပ်ရှားမှုများ ပါဝင်သော ပြင်သစ် ဘာသာစကားသင်တန်းများ ဖွင့်လှစ်ထားပါသည်။

အခြေခံနှင့် အခြားအဆင့် သင်တန်းများ ရှိပါသည်။

သီးသန့်တစ်ဦးချင်းသင်တန်းများနှင့် အုပ်စုငယ်များအလိုက် သင်တန်းများလည်း ရှိပါသည်။




NEW STUDENT

## သင်တန်းရေးရာကိစ္စများနှင့် စာရင်းသွင်းအပ်နှံရန်

ကျောင်းသားရေးရာဖွင့်ချိန်
အင်္ဂါနေ့မှ စနေနေ့အထိ
မနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီ ၃၀
နေ့လယ် ၂ နာရီမှ ညနေ ၅ နာရီ ၃၀

courses@ifbirmanie.org
contact@ifbirmanie.org
01-536 900 | 01-535 428 | 01-537 122
09-2626 11438

www.ifbirmanie.org

birmanie.if

INSTITUT FRANÇAIS
ပြင်သစ်ယဉ်ကျေးမှုဌာန
Birmanie

ပြင်သစ်ယဉ်ကျေးမှုဌာန (IFB)
အမှတ် ၃၄၀၊ ပြည်လမ်း၊ မဟာမြိုင်မှတ်တိုင်အနီး
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့